## ၁။ ရှောက်သံပုရာစိုင်လစ်ပိုး

**Asian Citrus psyllid: *Diaphorina citri* (Kuwayama, 1908)**

**Hemiptera: Psyllidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**





အကောင်ငယ်များသည် ခန္ဓာကိုယ်ပျားချပ်ပြီး ဘဲဥပုံရှိကာ လိမ္မော်ရောင်ရှိသည်။ အကောင်ကြီးသည် သေးငယ်သော အင်းဆက်ဖြစ်ကာ ခန္ဓာကိုယ်ပေါ်တွင် မီးခိုးရောင် အမှုန့်များနှင့်အတူ တောက်ပသော နက်ပြာရောင်ရှိသည့် တောင်ပံများသည် ဝမ်းဗိုက်ပိုင်း အစွန်းထိ ရှည်လျားသည်။

**ဖျက်ဆီးပုံလက္ခဏာများ**




ပိုးမစည်များနှင့်အရွယ်ရောက်ကောင်တို့သည်အရွက်အတွင်းရှိအရည်ကိုစုပ်ယူသောကြောင့်အရွက်များကွေးခြင်း၊ခြောက်ခြင်းများဖြစ်စေပြီးနောက်ဆုံးတွင်ကြွေကျသွားသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | -(၄)ရက် |
| ပိုးမစည် အဆင့် | -(၁၃)ရက် |
| အကောင်ကြီးအဆင့် | -(၄၀-၄၄)ရက် |

အကောင်ကြီးအဆင့်             -(၅၄-၆၆)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပန်းဖူးစပွင့်သည်နှင့် စတင်ထွက်လာသော ရွက်နုများကို ဖယ်ရှားပါ။

(၂) ခြံနှင့်ကပ်လျက်ရှိသော လက်ခံပင်များကို ဖယ်ရှားပါ။

(၃) ဖျက်ဆီးခံရသော အပင်အစိပ်အပိုင်းများနှင့်ပင်စည်ခြောက်များကို မီးရှို့ဖျက်ဆီးပါ။

(၄)အသီးမသီးသေးသော အပင်မှ ထွက်လာသော ရွက်နုများအားပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးဖြင့် ဆေးဘူး၊ အိတ်ပါအညွှန်းစာအတိုင်း ပက်ဖျန်းပါ။ ပထမဦးဆုံး ပန်းဖူးများ စပွင့်သည်နှင့် စတင်ပက်ဖျန်းပြီး ရွက်နုများ၏ အချင်း သည် (၁၀) မီလီမီတာထက် ရှည်လာသည်အထိ (၇-၁၀) ရက်ခြား တခါနှုန်းဖြင့် (၄) ကြိမ် ပက်ဖျန်းပါ။ ပထမ (၂) ကြိမ် ပက်ဖျန်းသောအခါ ရင့်နေသော အရွက်များ၊ ပန်းဖူးများနှင့် မရင့်သေးသော အရွက်များကို နှံ့စပ်စွာ ပက်ဖျန်းရမည်။ တတိယအကြိမ်နှင့် စတုတ္ထအ ကြိမ် တို့တွင် ပန်းဖူးများနှင့် မရင့်သေးသော အရွက်များကိုသာ နှံ့စပ်စွာ ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- ပိုင်မီထရိုဇင်း (Pymetrozine)
- အဆီတာမီပရစ် (Acetamiprid)